For Those Seeking The Truth & Dynamic Living

# Christ is Victor

March /April 2011

## "ခရစ်တော်သည် အောင်နိုင်သူ"

မတ်လ၊ ဧပြီလ၊ ၂၀၁၁

### ဖြောက်မတ်သော အသက်တာဖြင့် အသက်ရှင်ခြင်း

ဖြောင့်မတ်စွာ စီရင်ခြင်းကို ရွံရှာ၍ ခပ်သိမ်းသော တရားကို ဖျက်လျှက်၊ လူအသက်ကို သတ်ခြင်း အမှုဖြင့် ဇိအုန်မြို့ကိုရင်း၊ အဓမ္မအမှုဖြင့် ယေရုစလင်မြို့ကိုရင်း၊ ပြုနေသော ယာခရပ်အမျိုးမင်း၊ ဣသရေလအမျိုးသူကြီးတို့နားထောင်ကြပါလော့။ (မိက္ခာ ၃း၉–၁၀)

တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် အပြစ်သည် လူသား၏ နှလုံးသား၌ ကြီးထွားလာပြီး ဖြောင့်မတ်ခြင်းနှင့် အမှန်ပြုခြင်းသည် များစွာသော လူတို့မနှစ်သက်ကြပါ။ ဒါပေမယ့် ဘုရားသခင်သည် ဖြောင့်မတ်ပြီး စစ်မှန်သော တရားစီရင်သူ ဖြစ်သည်။ လက်တွေ့ပိုင်းပြောမည်ဆိုရင် ဖခင်နှင့် မိခင်သေဆုံးသည့်အခါ ပိုင်ဆိုင် သောပစ္စည်းများနှင့် ပိုက်ဆံများကို ကျန်ရစ်သူ မိသားစုများဝေငှခဲ့ကြသည်။ ညီအစ်ကို အချင်းချင်း၌လည်း တစ်ကိုယ်ကောင်းဆန်ခြင်း ပေါ်ထွက်လာပြီး တစ်ယောက်နှင့် တစ်ယောက်ရန်လိုခြင်းများ ဖြစ်ပေါ်တတ်သည်။ ဒါပေမယ့် လူသားသည် တရားစီရင်ခြင်းကို မုန်းတီးကြသည်။ ကမ္ဘာလောကကြီးတခုလုံးကို တရားစီရင်ပိုင်သော အရှင်သည် ဘုရားသခင်ဖြစ်တော်မူ၏။ လူ၏ မထမအဦးဆုံးသော အပြစ်ကို စီရင်ခြင်းဖြင့် စတင်သော ဘုရားသခင်၏ တရားစီရင်ခြင်းသည် အစဉ်အမြဲမျှတမှန်ကန်တော်မူ၏။ လူသားတစ်ယောက်မျှ ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်း စံကို မှီအောင် အသက်မရှင်နိုင်ကြသောကြောင့် အပြစ်စီရင်ခြင်းကို ခံရမည့်သူများဖြစ်ကြသည်။ လူသားတို့၏ အပြစ်ကို ဒဏ်ခတ်ရန် မိမိကိုယ်ကို ဘုရားသခင်ဖြစ်တော်ခြင်း ဖော်ပြရန်၊ မိမိလူတို့ကို တရားစီရင်ခြင်း၌ ဖော်ပြတော်သည်ဟု သမ္မာကျမ်းစာက မိန့်တော်မူနေပါသည်။ ဘုရားသခင်၏ တရားစီရင် ခြင်းတွင် တရားသဖြင့်ပြုခြင်းနှင့် ကျေးဇူးတော်သည် အစဉ်အမြဲ ဒွန်တွဲနေသည်။

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဟူသည် ဂုဏ်တော်တစ်ပါးဖြစ်ပါ၏။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောကြောင့်၊ ထိုဂုဏ်တော်နှင့်အညီ အစဉ်ပြုမူတော်၏။ ယေရှုခရစ်တော်သည်လည်း၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း သဘောတော်နှင့်အညီ ဆောင်ရွက်တော်၏။ လူသားမျိုးနွယ်တို့မူကား ဖြောင့်မတ်ခြင်းမရှိ၊ ဘုရားသခင်၏ သန့်ရှင်းစုံလုံတော်မူသော ပညတ်တရားတော်များကို မလိုက်နာကြသောကြောင့် အမျက်

တော်ကို ခံထိုက်သူများ ဖြစ်နေပါသည်။ သို့သော် ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ကို လက်ခံ သောအခါ၊ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အား ပေးတော်မူ၍ ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့အား သန့်ရှင်းစင်ကြယ်သော အပြစ်ကင်းသော သူများအဖြစ် လက်ခံတော် မူ၏။ ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်မွတ်သိပ်ရန်၊ ခန့်ထားတော်မူ၏။ အမှားအမှန်ကို ခွဲခြားသိနိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား နှုတ်ကပတ်တော်ကို ပေးထားတော်မူ၏။ စုံလင်ခြင်း သို့ရောက်မည့်နေ့ရက်ကြည့်မျှော်စောင့်စားနေစဉ် ကျွန်ုပ်တို့၏ နောက်ဆုံးသော မြော်လင့်ခြင်းမှာ ဖြောင့်မတ်တော် မူသော အရှင်ထံမှ ဖြောင့်မတ်ခြင်းတည်းဟူသော ဓမ္မသရဖူကို လက်ခံရယူရန် ဖြစ်သည်။

သင်သည် ပိုက်ဆံတစ်သန်း ဘဏ်မှာရှိသည် ဆိုပါစို့၊ ဤပိုက်ဆံက သင်၏ဆုတောင်းခြင်းကို ထိရောက်စေသလား၊ ပိုက်ဆံများများရှိလေ၊ များစွာသော ပူပန်ခြင်းရှိသည်ဖြစ်သည်။ ဘယ်လောက် ခက်ခဲ သောဤလောက၌ အသက်ရှင်နေရတာလဲ၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်၏အထဲ၌ အလုပ်လုပ်လျှင် သင်သည် အမှားနှင့်အမှန်ခွဲခြားနိုင်သော အသိညဏ်ကို ရှိမှာဖြစ်သည်။ သင်သည် ကိုယ်တော်၏ငြိမ်သက်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တန်ခိုးများဖြင့် အတူပါရှိမှာဖြစ်ပါသည်။

–ယောရှုဒ်ယေလ

## ဆန်းစစ်ရန်

## "Reality Check"

ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုင်း၊ လောကဓာတ်နှင့် လောကသားတို့ကိုင်း ပိုင်တော်မူ၏။ (ဆာလံ ၂၄း၁)

### "ဂျော့(ဂ်ျ)ဗိုက်ဖီးလ် ရှေ့ဆောင်လမ်းပြသူ တရားဟောခြင်း "

ဂျော့(ဂ်ျ)ဗိုက်ဖီးလ်သည် မိဘများ အစောင့်လုပ်သည့် စားသောက်ဆိုင်တွင် မွေးဖွားခဲ့သည်။ ကျောင်းမှာ သူ၏ စိတ်ဝင်စားမှုသည် ပြဇာတ်နှင့် ရုပ်ရှင်မင်းသားဖြစ်ပြီး သဘာပတိ အဖြစ် တခါတရံ ခေါ်ခဲ့ကြသည်။ သူသည် အသက် ၁၅ နှစ်အရွယ်တွင် ကျောင်းထွက်ပြီး သူ၏ မိခင်အလပ်ကို ကူညီခဲ့သည်။ ၃ နှစ်ကြာ ပြီးနောက် သူသည် ကျောင်းပြန်တက်ဖို့ မိခင်များအား စွဲဆောင်ခဲ့ပြီး ကျောင်းလခမပေးရပဲ ကျောင်းနေဘက် များကဲ့သို့ အလုပ်လုပ်ပြီး ကျောင်းပြန်တက်ခဲ့သည်။ နောက်မကြာ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ကိုဆာလောင်ပြီး သူ၏ အသက်တာ အသုံးပြုခြင်းဖြင့် ဘုရားသခင်၏ ကြီးမားသော အကြံအစည်ရှိ ကြောင်းနားလည်လာသည်။ သူ၏ အသက်တာ ပြင်ဆင်ဖို့ အစာရှောင် ဆုတောင်းပြီး အသင်းတော် အစည်း အဝေးကို

လဲ တက်ရောက်ခဲ့သည်။ အင်္ဂလန်နိုင်ငံ၏ မက်သဒစ်(စ်)အသင်းတော်နှင့် တွဲဖက် အမှုတော်ဆောင်ရန် ပါဝင်ဖို့ ရည်ရွယ်ချက်ရှိသည်။

ဂျော့(ဂျ်)ဝှိုက်ဖီးလ်သည် အသက်တာပြောင်းလဲသည့်အခါတွင် အသက် ၂၁ နှစ်ဖြစ်သည်။ ပြီးနောက် ခရစ်ယာန်ဂိုဏ်းအုပ် ဘဲန့်ဆန်းက သူ့ကို ပဋ္ဌင်း တက်ပေးသည်။ ၁၇၃၆ ခုနှစ် ပထမပတ် တနင်္ဂနွေနေ့တွင် သူ၏ နှစ်ခြင်းမင်္ဂလာပြုလုပ်သည်။ အသင်းတော်တွင် တရားဒေသနာ ဟောပြောခဲ့သည်။ နောက်မကြာမီ သူ၏ တရားဒေသနာ ဟောပြောခြင်းအပေါ် မကျေနပ်ကြောင်း ပြောခဲ့သည်။ ခရစ်ယာန်ဂိုဏ်းအုပ် တုန့်ပြန် သည်မှာ သူ၏ တရားဟော ကြားနာခြင်းဖြင့် လူများပြောင်းလဲကြောင်း အသိပေးခဲ့သည်။ အင်္ဂလန်နိုင်ငံ နေရာအ သီးသီး၌ တရားဒေသနာ ဟောကြားဖို့ အဖိတ်ခံပြီး ဒုတိယမွေးဖွားခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ် ခြင်းတရားအကြောင်းကို ဟောပြောခဲ့သည်။ သူသွားလေရာ၌ မိဘမဲ့ ကျောင်းကဲ့၏ လိုအပ်သည့်အရာများ နှင့် နေထိုင်ဖို့ အိမ်ကိုလဲ ထောက်ပံ့ကူညီခဲ့သည်။

၁၇၃၉ ခုနှစ် အနောက်နိုင်ငံတွင် တရားဒေသနာ ဟောပြောပြီး တချို့သော နေရာတွင် တရားဟော စင်များ ပိတ်ပင်ခဲ့သည်။ နောက်မကြာမီ အမေရိကန်နိုင်ငံတွင် ပြန်ရောက်လာပြီး နေရာအသီးသီးတွင် တရား ဟောပြောခဲ့သည်။ ဘုရားသခင်က ဂျော့(ဂျ်)ဝှိုက်ဖီးလ်အသုံးပြုပုံကို ဂျော်န်ဝက်စလီသည် အံ့အားသင့်ခဲ့ သည်။ အင်္ဂလန်နိုင်ငံတွင် ပရိသတ်ထောင်ပေါင်းမြောက်များစွာ သူ၏ တရားဟောကြားနာဖို့ရန် နေ့တိုင်း အစည်းအဝေး တက်ခဲ့သည်။ လူအမြောက်အမြား၏ အသက်တာ၌ ဘုရားသခင်က စကားပြောပြီး အသက် တာပြောင်းလဲခဲ့ကြသည်။ ၁၇၇၀ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အင်္ဂလန်နိုင်ငံတွင် သေဆုံးပြီး မြေ မြှုပ်သင်္ဂြိုလ်ခဲ့သည်။ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံများတွင် နှစ်ပေါင်း ၃၅ နှစ်အတွင်းတွင် ဂျော့(ဂျ်)ဝှိုက်ဖီးလ် ၏ ဘာသာရေးညီလာခံများကို စတင်ပြောင်းလဲ ဖွဲ့စည်းပြီး ခရစ်ယာန် တရားဟောခြင်းအတွက် လမ်းဖွင့်ပေး ခဲ့သည်။

## စာပေဖြင့် အသက်တာ ကယ်တင်ခြင်း

## "Life Saved by a Tract"

ဝန်ကြီးတစ်ယောက်နေထိုင်သည့် နေရာမှ မဝေးတဲ့နေရာတွင် ဘာသာရေး ကိုင်းရှိုင်းသော အမျိုးသ မီး နှစ်ယောက်နေထိုင်ကြပါသည်။ ဆင်းရဲသော အမေရိကန် သင်္ဘောသားတစ်ယောက်သည် စာပေရောင်းပြီး ဤအမျိုးသမီးတစ်ယောက်က စာပေတစ်စောင်ကို ဝယ်ခဲ့သည်။ သူမသည် အအေးသောက်ရင်းနှင့် စာစောင် ကို ဖတ်ရှုခဲ့သည်။ နောက်မကြာမီ ဤသင်္ဘောသားသည် ကြောက်စရာကောင်းသော လူသတ်မှုကြောင့် ပြစ်ဒဏ်ချပြီး ထောင်ချခံခဲ့သည်။ ဒါပေမယ့် လူအများစုထံမှ အပြစ်မရှိပါဟု အော်ဟစ်သံကို တရားစီရင်သူက ကြားနေခဲ့သည်။ သူသည် ကျမ်းစာဖတ်ပြီး ဆုတောင်း၍ ၃ လကြာထောင်ထဲတွင် အချိန်သုံးခဲ့သည်။ နှစ်ပေါင်း မြောက်မြားစွာ မတွေ့ရသောညီမ အဝေးက ရောက်ရှိနေသည်။ စာပေလေး လက်ထဲတွင် ကိုင်တွယ်ရင်းနှင့်

တရားရေးရုံးသို့ အမှုလိုက်ရန် သွားခဲ့သည်။ နောက်ဆုံးတွင် ဤစာစောင်လေးဖြင့် ဖြေရှင်းပြီး သူ၏ အသက်တာကို စာပေလေးအားဖြင့် ကယ်တင်နိုင်ခဲ့သည်။

ကောက်နုတ်ထားသည်။

## စုံလင်ခြင်းရှိလော့

## "Be Thou Perfect"

ထာဝရဘုရားသည် မံရေသပတတ်တောနားမှာ၊ အာဗြဟံအား ထင်ရှားတော်မူသည်။ (ကမ္ဘာဦးကျမ်း ၁၈း၁–၃၃)

အာဗြဟံသည် တဲတံခါးဝ၌ထိုင်လျှက်၊ မြော်ကြည့်၍၊ မိမိရှေ့မှာ လူသုံးယောက်ရပ်နေကြသည်ကို မြင်သောအခါ ခရီးဦးကြိုပြုခြင်းငှာ တဲတံခါးဝမှပြေး၍ မြေသို့ဦးညွတ်ချလျှက်၊ အကျွန်ုပ်သခင်၊ ရှေ့တော်၌ အကျွန်ုပ်သည် မျက်နှာရလျှင် ကိုယ်တော်ကျွန်ုပ်ကိုလွန်၍ မသွားပါနှင့်ဟုမိန့်တော်မူ၏။ ထို့နောက် အာဗြဟံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊ ထာဝရဘုရားသည် အာဗြဟံအား ထင်ရှားတော်မူ၍၊ ငါရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလောဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း (၁၇း၁)။ ဘုရားသခင်သည် အာဗြဟံအတွက် ကြီးမားသော အကြံအစည်တော်ရှိသည်။ လူသားတိုင်းအပေါ်၌ ဘုရားသခင်သည် ကြီးမားသောအကြံအစည်တော်ရှိ၏။ ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်ဖို့ရန် သင်၏ အသက်တာကို အသုံးပြုချင်သည်။ ဘုရားသခင် သည် သင်၏ အသက်တာကို ဖျက်ဆီးခြင်းသို့မဟုတ် မှန်ကန်သောလမ်းကြောင်း သို့ပို့ဆောင်လမ်း ပြချင် သည်။ အကျွန်ုပ်တို့သည် ဘုရားသခင်ပိုင်ဆိုင်တော်မူ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကို သိမှတ်ယုံကြည်၍ ငါသည် မှန်ပြီဟု နားလည်မည်အကြောင်း၊ ငါ၏သက်သေ ငါရွေး ကောက်သော ကျွန် ဖြစ်ကြ၏။ ငါ့ရှေ့မှာ ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလည်း အဘယ်ဘုရားသခင်မျှမရှိရာ။ (ဟေရှာယ ၄၃း၁၀) ကယ်တင်ခြင်းသည် လူသားတိုင်းအတွက်ဖြစ်သည်။ ထို့ကြောင့် ယုပ္ပေမြို့သို့ စေလွှတ်၍ ပေတရုအမည်သစ်ကို ရသော ရှိမုန်ကို ခေါ်ပေလော့။ ထိုသူသည် ပင်လယ်နားမှာ သားရေလုပ်သမားရှိမုန်၏ အိမ်၌တည်းနေ၏၊ ထိုသူသည် ရောက်လာလျှင် သင့်အား ဟောပြောလိမ့်မည် ဟုပြောဆိုပါ၏။ (တမာန်တော် ၁၀း၃၂) ကောင်းကင်တမန်သည် ကော်နေလိထံပေါ်လာ၍ အကယ်စင်စစ်ဘုရား သခင်သည် လူမျက်နှာကို မှတ်တော်မမူ၊ လူအမျိုးတို့တွင် ဘုရားသခင်ကို ကြောက်ရွံ့၍ တရားသဖြင့်ကျင့်ဆောင်သောသူသည် အထံတော်၌ မျက်နှာရသည်ကို ငါသိမြင်၏။ လူသားတိုင်းသည်လည်း ဘုရားနိုင်ငံအတွက် စေလွှတ်ခြင်းခံရသောသူ ဖြစ်ကြသည်။

အိမ်(န်)ဒံယေလ